# မူဝါဒပေါ်လစီ JICDE - အနိုင်ကျင့်မှု ကာကွယ်ရေးနှင့် ပညာပေးမှု

လူမှုအသိုင်းဝိုင်းအတွက်သင်ယူလေ့လာမှုစင်တာဖြစ်သည့် Denver အများပြည်သူပိုင်ကျောင်းများ၏ပန်းတိုင်မစ်ရှင်ထားရှိချက်မှာ ကျွန်ုပ်တို့၏ကလေးများနှင့်လူငယ်များအနေဖြင့် မိမိကိုယ်ကိုလုံလောက်ရပ်တည်နိုင်သောနိုင်ငံသားများနှင့်ဘဝတစ်သက်တာလုံး သင်ယူလေ့လာသူများဖြစ်လာစေရန်အတွက်ဗဟုသုတ၊ စွမ်းရည်များနှင့်တန်ဖိုးများအား အောင်မြင်ရရှိကြောင်းသေချာစေရန်ဖြစ်သည်။ လုံခြုံ အန္တရာယ်ကင်းပြီးသင်ယူမှုပြုနိုင်ခြေရှိသော၊ မလိုအပ်သော အနှောင့်ယှက်များမှ ကင်းဝေးသည့် ပတ်ဝန်းကျင်တစ်ခုတွင် မိမိစိတ်တိုင်းကျပြုလုပ်နိုင်သည့် သင်ယူမှုဆိုင်ရာအတွေ့အကြုံအားထောက်ပံ့ပေးခြင်းအားဖြင့် ကျွန်ုပ်တို့မှ ဤပန်းတိုင်မစ်ရှင်ထားရှိချက်အားအောင်မြင်ရရှိနိုင်ပေသည်။

Denver အများပြည်သူပိုင်ကျောင်းများသည်လုံခြုံစိတ်ချရသော ကျောင်းပတ်ဝန်းကျင်၊ သင်ကြား၊သင်ယူခြင်းပြုနိုင်ခြေရှုပြီးခြိမ်းခြောက်မှု၊ နိုင်ထက်စီးနင်းကျင့်မှုနှင့်အခြားသောအနိုင်ကျင့်သည့်အပြုအမူအမျိုးအစားများမှကင်းဝေးသောပတ်ဝန်းကျင်တစ်ခုအားထောက်ပံ့ပေးပေသည်။ ပညာရေးဘုတ်အဖွဲ့သည်ချဉ်းကပ်မှုနည်းလမ်း တစ်သမတ်တည်းဖြစ်မှုအား မြင့်တင်ရန်နှင့်အနိုင်ကျင့်မှုအမျိုးစားအားလုံးအား လက်သင့်မခံပေးနိုင်ဟုသတ်မှတ်သော ပတ်ဝန်းကျင်တစ်ခုအားဖန်တီးရာတွင်အထောက်အကူပြုရန် ဤမူဝါဒပေါ်လစီအား မွေးစားကျင့်သုံးခဲ့သည်။

အဓိပ္ပါယ်ဖွင့်ဆိုချက် - အနိုင်ကျင့်မှုဆိုသည်မှာ “ ကျောင်း၊ ကျောင်းမြေပြင်၊ ကျောင်းယာဉ်များ၊ သတ်မှတ်ထားသည့်ကျောင်းကား မှတ်တိုင်၊သို့မဟုတ်ကျောင်းလှုပ်ရှားဆောင်ရွက်မှုများ သို့မဟုတ်ကျောင်းမှခွင့်ပြုထားသည့်ပွဲအစီအစဉ်များ အစရှိသည်တို့တွင်ကျောင်းသားတစ်ဦးသို့မဟုတ်တစ်ဦးထက်ပိုသောကျောင်းသားများအားစိုးရိမ်ကြောင့်ကြနာကျင်မှု ဖြစ်စေရန် ရည်ရွယ်ပြီးပြုလုပ်သောရေးသားသို့မဟုတ် နှုတ်မြွက်သုံးနှုန်းဖော်ပြချက်၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အပြုမူ သို့မဟုတ် ခြေဟန်လက်ဟန်၊ သို့မဟုတ် ပုံစံများမှန်သမျှ။”
CRS 22-32-109.1 (2)(a)(X)

နောက်ဆက်တွဲ အကျိုးဆက်များ -အနိုင်ကျင့်သည့်အပြုအမူမှန်သမျှတွင်ပါဝင်သောကျောင်းသားဖြစ်သူအားစည်းမျဉ်းစည်းကမ်းလုပ်ငန်းစဉ်များဖြင့်သက်ဆိုင်နေသည့် ခရိုင်ဒေသမူဝါဒပေါ်လစီ JK နှင့် JK-R နှင့်အညီ သင့်တော်ရာစည်းကမ်းအရအရေးယူဆောင်ရွက်မှုပြုမည်ဖြစ်ပြီး၊ ကျောင်းဆိုင်းငံ့မှု၊ ကျောင်းထုတ်ပယ်မှုနှင့်/သို့မဟုတ် ဥပဒေအကောင်အထည်ဖော်အသက်သွင်းသည့် အာဏာပိုင်များထံသို့ လွှဲပြောင်းမှုအစရှိသည်တို့ပါဝင်ကောင်းပါဝင်ပေမည်။ အကယ်၍ အနိုင်ကျင့်မှုတစ်စုံတစ်ရာရှိခဲ့လျှင်ပြုမူမှုပုံစံ၏ပြင်းထန်မှုအားစည်းကမ်းအရ ဆုံးဖြတ်ချက်များပြုလုပ်ချိန်တွင် ထည့်သွင်းစဉ်းစားသွားပေမည်။

အားလုံးသောဂရိတ်တန်းအဆင့်များတွင်အနိုင်ကျင့်မှုများအားဖြေရှင်းရန်အတွက်နားလည်သဘောပေါက်ရန်လွယ်ကူသောအစီအစဉ်တစ်ခုအားအထူးစီမံခန့်ခွဲသူမှဖွံ့ဖြိုးဆောင်ရွက်သွားပေမည်။ အဆိုပါအစီအစဉ်သည‌အောက်ဖော်ပြပါပန်းတိုင်များအားပြီးမြောက်ပြည့်စုံစေရန် လမ်းညွှန်းဆောင်ရွက်သွားပေမည်-

1. အနိုင်ကျင့်မှုအားလုံးဝသည်းငြီးခံလိမ့်မည် မဟုတ်ကြောင်းရှင်းလင်းသေချာစွာ ဖော်ပြထားသည့်သတင်းအမှာစကားအားကျောင်းသားများ၊ ဝန်ထမ်းများ၊ မိဘများနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များထံသို့ ပေးပို့ရန်။

2. အနိုင်ကျင့်သည့်အပြုအမူတွင်ပါဝင်နေသည့် ကျောင်းသားများအားချက်ခြင်းကြားဝင်ဆောင်ရွက်မှု၊ စုံစမ်းစစ်ဆေးမှုနှင့် ဥပဒေနှင့်အညီဆောင်ရွက်မှုအစရှိသည်တို့အတွက် လုပ်ငန်းစဉ်ဆောင်ရွက်မှုများအားအကောင်အထည်ဖော်ဆောင်ရွက်ရန်။

3. လက်သင့်ခံပေးနိုင်သော အပြုမူ၊ ဆွေးနွေးမှုများ၊ အကြံပေးတိုင်ပင်မှုများနှင့် သင့်တော်ရာအနှုတ်သဘော အကျိုးဆက်များအပေါ်ပြန်လည်ပညာပေးခြင်းအားဖြင့်အနိုင်ကျင့်သည့် အပြုအမူများတွင်ပါဝင်ပတ်သက်နေသည့် ကျောင်းသားများ၏ အပြုအမူအားပြောင်းလဲပေးမည့် အစီစဉ်များအား စတင်ရန်။

4. အနိုင်ကျင့်မှုမှ ကင်းဝေးသော ပတ်ဝန်းကျင်တစ်ခုအား ထိန်းသိမ်းရာတွင် အထောက်ကူဖြစ်စေရန် မိဘများ၊ လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များဖြင့် ထုတ်လုပ်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုအားဖွံ့ဖြိုးပျိုးထောင်ရန်။

5. တစ်ဦးတစ်ယောက်ချင်းစီ နှင့် မိတ်ဆွေအဖော် ဆွေးနွေးတိုင်ပင်မှု နည်းလမ်းများအားဖြင့် အနိုင်ကျင့်ခံရသောသူများအား ပံ့ပိုး ကူညီပေးရန်။

6. ကျောင်းသား တစ်ဦးစီသို့ အပြုသဘောဆောင်သည့် ကူညီပံ့ပိုးမှုအပြုအမူများအား ပုံမှန်ပေါ်တွင်အခြေခံပြီးအသိအမှတ်ပြု ချီး ကျူးပေးရန်။

မွေးစားကျင့်သုံးမှု -

ဥပဒေပိုင်းဆိုင်ရာကိုးကားချက်- C.R.S. 22-32-109.1(2)(a)(X)

မှီငြမ်းကိုးကားချက်- JK, ကျောင်းသားအပြုမူနှင့် စည်းမျဉ်းစည်းကမ်း

မွေးစားကျင့်သုံးမှု - နိုဝင်ဘာလ ၁၅ရက်၊ ၂၀၀၁

ပြန်လည်စစ်ဆေးမှု - အောက်တိုဘာလ ၁၅ရက်၊ ၂၀၀၉

ဥပဒေပိုင်းဆိုင်ရာကိုးကားချက်- C.R.S. 22-32-109.1(2)(a)(X)

မှီငြမ်းကိုးကားချက်- Jk, ကျောင်းသားအပြုမူနှင့် စည်းမျဉ်းစည်းကမ်း